**Transit Trade စနစ်ဖြင့် တင်ပို့တင်သွင်းရန် ခွင့်ပြုထားသည့် လိုင်စင်များ၏ သက်တမ်းကာလအတွင်း အမှန်တင်ပို့တင်သွင်းနိုင်မည့် ပမာဏကိုသာလိုင်စင်လျှောက်ထားရန် အသိပေးကြေညာခြင်း**

၁။ Transit Trade စနစ်ဖြင့် ခွင့်ပြုထားသည့် ပို့ကုန်သွင်းကုန်လိုင်စင်များ၏ ခွင့်ပြုသက်တမ်း (၆)လ အတွင်းအမှန်တင်ပို့ တင်သွင်းနိုင်ခြင်းမရှိသည့် ကိစ္စများအပေါ် ဖြေလျှော့မှုအနေဖြင့် လိုင်စင်တွင် ကျန်ရှိသည့် ကုန်ပစ္စည်းတန်ဖိုးအားပြင်ဆင်ခြင်း၊ ပိတ်သိမ်းခြင်းများပြုလုပ်ပေးပြီးမူလလျှောက်ထားသည့် လိုင်စင်ပါကုန်ပစ္စည်း၊ ရောင်းသူ၊ ဝယ်သူမပြောင်းလဲဘဲထပ်မံလျှောက်ထားလာပါက ကြိုတင်ပေးသွင်းထားသည့် ဝန်ဆောင်ခနှင့်ဖြတ်သန်းခများအားထပ်မံကောက်ခံခြင်းမရှိဘဲ လိုင်စင်အသစ်များ အစားထိုးခွင့်ပြုထုတ်ပေးခဲ့ပါသည်။

၂။ အထက်ပါ ကိစ္စအားဆက်လက်ခွင့်ပြုပါက ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ စာရင်းရှင်းလင်းရာတွင် ရှုပ်ထွေးမှုများဖြစ်ပေါ်စေနိုင်ပြီးသတ်မှတ်ထားသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိသည့်အတွက် **လိုင်စင်လက်ကျန်များအားမူလပေးသွင်းထားသည့် ဝန်ဆောင်ခနှင့်ဖြတ်သန်းခများခုနှိမ်၍ လိုင်စင်အသစ် အစားထိုးလျှောက်ထားခြင်းအား (၁၀-၉-၂၀၂၀) ရက်နေ့မှစ၍ ရပ်ဆိုင်းမည်** ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ တင်ပို့တင်သွင်းသူလုပ်ငန်းရှင်များအနေဖြင့် မိမိတို့တင်ပို့တင်သွင်းမည့်ကိစ္စများအပေါ် အမှန်တကယ်တင်ပို့တင်သွင်းနိုင်မည့် ပမာဏကိုသာစိစစ်တွက်ချက်၍ လိုင်စင်လျှောက်ထားရယူကြရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**